ငဝ်ႈငုၼ်း ပႃႇတီႇမႂ်ႇသုင်လိူင်ႈတႆး

ရှမ်းပြည်တိုးတက်ရေးပါတီ ဗဟိုဌာနချုပ်

**SHAN STATE PROGRESS PARTY, GENERAL HEADQUARTERS**

E-mail: sspp.hq@gmail.com

# မြန်မာ့တပ်မတော်စစ်ကြောင်းများ၏ နိုင်ထက်စီးနင်းထိုးဖောက်တိုက်ခိုက်နေမှုအပေါ် SSPP/SSA၏ သဘောထားထုတ်ပြန်ချက်

၂၀၁၅ခုနှစ်၊ အောက်တိုဘာလ(၁၈)ရက်

၁။ မြန်မာ့တပ်မတော်စစ်ကြောင်းများသည် (၆.၁၀.၂၀၁၅)မှ ယနေ့(၁၈.၁၀.၂၀၁၅)အထိ SSPP/SSA အခြေပြုထားသည့် တာဆမ်ဖူးကူးတို့ဆိပ်ဂွင်နှင့် ဗဟိုဌာနချုပ်အနီးအထိ စစ်ရေးအရ နိုင်ထက်စီးနင်း ထိုးဖောက်တိုက်ခိုက်ခဲ့ပြီး ဆက်လက်ထိုးဖောက်တိုက်ခိုက်သွားရန်လည်း တာစူလျှက်ရှိပါသည်။

၂။ SSPP/SSA အဖွဲ့အစည်းသည် **အားလုံးပါဝင်ရေးမူ** အရ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ကို လက်မှတ်ရေးထိုးရန် အဆင်သင့်မဖြစ်သေးသော်လည်း (၂၈.၁.၂၀၁၂)ရက် နေ့ နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေးစာချုပ်များကို နှစ်ဖက် လက်မှတ်ထိုးနိုင်ခဲ့သောကြောင့် စာချုပ်ပါအချက်များအတိုင်း နှစ်ဖက်လိုက်နာကြရန် တာဝန်ရှိပါသည်။ ထို့ကြောင့် ဖြစ်စဉ်များကို ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီထံ အချိန်နှင့်တပြေးညီ အကြိမ်ကြိမ်တင်ပြညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပါသည်။ (၁၅.၁၀.၂၀၁၅)ရက်နေ့ (၁၇း၀၀)နာရီအချိန်တွင် အဆင်ပြေစွာညှိနှိုင်းရေးကို ဦးစားပေးပြီး သဘောထားကြီးစွာဖြင့် တာဆမ်ပူးကူးတို့ဆိပ်မှ ဖယ်ပေးခဲ့ပြီးဖြစ်သော်လည်း ယနေ့တိုင် မြန်မာ့တပ်မတော်ထိုးစစ်ဆင်မှု ရပ်ဆိုင်းသွားခြင်း မရှိသည့်အပြင် ဆက်လက်တိုက်ခိုက်ထိုးစစ်ဆင်နေပါသည်။

၃။ မြန်မာ့တပ်မတော်စစ်ကြောင်းများ၏ စစ်ရေးအရ နိုင်ထက်စီးနင်းထိုးဖောက်တိုက်ခိုက်လာသည့် မတရားမှုများကို တရားသော မိမိကိုယ်ကိုကာကွယ်သော ခုခံစစ်အား မလွှဲမရှောင်နိုင်သော အနေအထားမှ SSPP/SSA တပ်မှူးတပ်သားများသည် တိုက်ပွဲဝင်နေရခြင်းဖြစ်ပါသည်။ စစ်မက်၌ အကြမ်းဖက်လိုသောဆန္ဒ လုံးဝ(လုံးဝ) မရှိပါ။

၄။ SSPP/SSA ဗဟိုကော်မတီ၏ ဦးဆောင်မှုဖြင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ဂုဏ်သိက္ခာရှိရှိ ဆက်လက်ပါဝင်သွားနိုင်ရေး၊ စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးတို့အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)အား အချိန်နှင့် တပြေးညီ ဆက်လက်တင်ပြညှိနှိုင်းသွားမည်ဖြစ်ပြီး အခြားတစ်ဖက်တွင် SSPP/SSA၏ တပ်မှူးတပ်သားများသည် မြန်မာ့ တပ်မတော်စစ်ကြောင်းများ၏ မတရားသော နိုင်ထက်စီးနင်းထိုးဖောက်တိုက်ခိုက်မှုများကို မိမိကိုယ်ကို ကာကွယ်သောခုခံစစ်ဖြင့် ဆက်လက်တိုက်ပွဲဝင်သွားကြမည်ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

ဗဟိုကော်မတီ

ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်

SSPP/SSA

**ဆက်သွယ်ရန်** - ဗိုလ်မှူးကြီး စိုင်းလ- ဖုန်း(၀၉၄၇၃၀၃၄၄၆၊ ၀၉၄၉၃၃၇၄၆၉)